
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 5963-5982)
စာစဉ် – ၂၉၉

သိုင်းပါရဂူ
စာစဉ် ( ၂၉၉ )
အပိုင်း ( ၅၉၆၃ )
*

" ရှီး .. ရှီး .. ရှီး "

နေမင်းလိပ်သခင် လူသေမြစ်ထဲတွင် ကူးခတ်နေသည့် အရှိန်နှုန်းက ချင်းချန်ကို အံ့အားသင့်စေ၏။

နေမင်းလိပ်သခင်သည် ကျင့်ကြံအဆင့်က ကြယ်တစ်ပွင့်နိဗ္ဗာန်အဆင့်မျှသာ ရှိသော်လည်း အရှိန်နှုန်းအရ သူ့ထက်ပင် ပိုမြန်နေပုံရသည်။

ဤနေရာက သူမွေးဖွားလာသည့် နေရာတစ်ခုကဲ့သို့ပင်။

လမ်းတစ်လျှောက်၌ နေမင်းလိပ်သခင်သည် မသေမျိုးငါးများနှင့် အခြားရေနေသားရဲများ မြောက်များစွာကို သူ၏ကြီးမားသော ပါးစပ်ကြီးအားဟ၍ အကုန်လုံးတိုက်ရိုက် မြိုချလိုက်၏။ မည်သူကမှ သူ့ကို ခုခံနိုင်စွမ်းမရှိပေ။

ထိုမြင်ကွင်းကိုကြည့်ပြီး နေမင်းလိပ်သခင်၏ နောက်ကျောတွင် ထိုင်နေသော နဂါးလေး၏ ခန္ဓာကိုယ်က အနည်းငယ် တုန်ယင်နေသည်။

" ဘော့စ် ဒီလိပ်အစ်ကိုက တော်တော်လေးကို ရက်စက်လွန်းတယ်၊ ဗရမ်း

ဗဟာကမ္ဘာထဲမှာ ဒီလိုမျိုး ကြောက်စရာကောင်းတဲ့ မိတ်ဆွေတစ်ယောက် ရှိနေတာကို ရှောင်လုံကဘာလို့ မသိခဲ့ရတာလဲ "

ရှောင်လုံ ချင်းချန်နှင့်ပိုနီးအောင် တိုးသွားပြီး သူ၏မျက်နှာက ဖြူဖျော့နေ၏။

မိုလီ နေမင်းလိပ်သခင်ကို စေ့စေ့စိုက်ကြည့်နေသည်။

အဘယ့်ကြောင့် ချင်းချန်၏ ပတ်ဝန်းကျင်တွင် ဤကဲ့သို့ ထူးဆန်းသည့်ကောင်များက အမြဲတမ်း ရှိနေရသနည်း။

" အုန်း "

ထိုအချိန်တွင် သူတို့ရှေ့၌ လှိုင်းများ ဖြစ်ပေါ်လာပြီး လူသေမြစ်၏ရေများက ကြောက်စရာကောင်းအောင် အနက်ရောင်လှိုင်းလုံးများနှင့် ပြည့်နှက်နေ၏။

" အဲ့တာဘာကြီးလဲ "

မိုလီ ထိုအနက်ရောင်လှိုင်းများ ထွက်ပေါ်နေသော နေရာကိုကြည့်ကာ နှလုံးတုန်နေသည်။

" သခင်ဒါက လူသေမြစ်ထဲမှာ ထပ်ဆင့်တည်ရှိနေတဲ့ ရေကန်ပဲ၊ ဒီမီးလိပ်လေးကဘာလို့ ကျွန်တော်တို့ကို ဒီနေရာခေါ်လာတာလဲ "

ငရဲနဂါးအင်ပါယာ ရှေ့မှမြင်ကွင်းကိုကြည့်ပြီး အလောတကြီး မေးလိုက်၏။

" လူသေမြစ်ထဲမှာ ထပ်ဆင့်တည်ရှိနေတဲ့ ရေကန် "

ချင်းချန် မျက်မှောင်ကုပ်လိုက်သည်။

" ဟုတ်တယ် ဒါကလူသေမြစ်ထဲက ရေကန်တစ်ခုပဲ၊ လူသေမြစ်ထဲမှာ ကြောက်စရာအကောင်းဆုံး အရာတွေထဲက တစ်ခုပေါ့၊ အဲ့နေရာမှာရှိနေတဲ့

လူသေမြစ်ရဲ့ စွမ်းအားတွေက အသိပ်သည်းဆုံးလို့လဲပြောလို့ရတယ်၊ အဲ့ထဲကို ပြုတ်ကျသွားတာနဲ့ အင်ပါယာအဆင့် ကျင့်ကြံသူတွေရဲ့ ခန္ဓာကိုယ်တောင်မှ စုတ်ပြတ်သပ်သွားမှာ "

" သခင်အထဲဝင်လို့မရဘူးနော်၊ ကျနော်တောင် အထဲ ရောက်သွားရင် ဘာမှမပြင်ဆင်ထားလို့ကတော့ ခန္ဓာကိုယ် အမှုန့်ဖြစ်သွားမှာ၊ ပြင်ဆင်ထားရင်တောင်မှ အသက်ရှင်နိုင်ချေက ( ၃၀ ) ရာခိုင်နှုန်းထက်နည်းတယ် "

ငရဲနဂါးအင်ပါယာ၏ စကားကိုကြားပြီးနောက် လူတိုင်း၏ အမူအရာက ပြောင်းလဲလာစေသည်။

ငရဲနဂါးအင်ပါယာအတွက်တောင်မှ ရှင်သန်မှုက ( ၃၀ ) ရာခိုင်နှုန်းသာ ရှိသည်ဆိုတာက မည်သည့်အရာကို ဆိုလိုချင်သနည်း။

ငရဲနဂါးအင်ပါယာသည် ငရဲပြည်တွင် အသက်အကြီးဆုံး ရှေးဟောင်းအင်ပါယာတစ်ပါးဖြစ်၏။ သူ၏ကျင့်ကြံအဆင့်က အင်ပါယာအလယ်အလတ် အထွတ်အထိပ်အဆင့်ကိုပင် ရောက်ရှိနေပြီဖြစ်သည်။

အင်ပါယာရှီမီလို အစောပိုင်း အင်ပါယာအဆင့်တစ်ယောက်က ထိုအထဲသို့ ဝင်ရောက်သွားလျှင် အသက်ရှင်သန်ရန် ( ၁၀ ) ရာခိုင်နှုန်းပင် အခွင့်အရေးရှိမည် မဟုတ်ချေ။

သို့သော်လည်း ငရဲနဂါးအင်ပါယာ ပြောသည့်စကားက အချိန်နှောင်းသွားပြီဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် နေမင်းလိပ်သခင်က ချင်းချန်တို့အဖွဲ့ကို ခေါ်ဆောင်ပြီး ထိုအနက်ရောင်ရေလှိုင်းများထဲသို့ အလွယ်တကူ ကူးခတ်ကာ ဝင်ရောက်သွားသောကြောင့်ဖြစ်သည်။

" စိတ်မပူနဲ့ နေမင်းလိပ်သခင်ကြည့်ရတာ ယုံကြည်ချက်ရှိတဲ့ပုံပဲ "

နေမင်းလိပ်သခင်သည် ဗရမ်းဗတာကမ္ဘာထဲတွင် အချိန်အတော်ကြာ

ရှင်သန်ခဲ့ဖူးပြီး ၎င်း၏အန္တရာယ်ကို အာရုံခံနိုင်စွမ်းက ထူးဆန်း၏။ ဤနေရာက သူ့အတွက် အန္တရာယ်ရှိနေလျှင် အလျင်စလို ယခုလိုပြေးဝင်လာမည် မဟုတ်ပေ။

သေချာပေသည်။

နေမင်းလိပ်သခင်က ထိုအနက်ရောင်ရေလှိုင်းများကို သူ၏အိမ်တွင် လမ်းလျှောက်နေသကဲ့သို့ အလွယ်တကူပင် ရှောင်ရှားကာ ကူးခတ်သွားခဲ့၏။

" ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ "

ငရဲနဂါးအင်ပါယာ အံ့အားသင့်နေသည်။

လူသေမြစ်၏ရေကန်က အလွန်အန္တရာယ်များနှင့် ပြည့်နှက်နေသောနေရာဖြစ်၏။ မဟာအင်ပါယာတစ်ယောက်ပင် အလွယ်တကူ သွားလာနိုင်မည် မဟုတ်ချေ။ ဤလိပ်ကအဘယ့်ကြောင့် လွတ်လွတ်လပ်လပ် သွားလာနိုင်ရသနည်း။

သူစိုးရိမ်တကြီးဖြင့် စောင့်ကြည့်နေသော်လည်း နေမင်းလိပ်သခင်က ငါးတစ်ကောင်ကဲ့သို့ ကျင်လည်စွာဖြင့် ကူးခတ်၍ သွားလာနေပြီး မည်သည့်အန္တရာယ်မှ မရှိသည်ကို တွေ့နေရသည်။

ချင်းချန်နှင့် မိုလီတို့ကတော့ သူတို့အရှေ့မှ အနက်ရောင်ရေလှိုင်းကို မမှိတ်မသုန် စိုက်ကြည့်နေ၏။

ဤလူသေမြစ်ရေကန်က အလွန်ကြောက်စရာကောင်းသလို သူတို့နှစ်ယောက်ပင်လျှင် ဖောက်မမြင်နိုင်သော ရှင်းမပြနိုင်သည့်အရာများ မြောက်စွာရှိသည်။

တစ်ခဏအကြာတွင် ချင်းချန်နှင့် မိုလီတို့နှစ်ယောက်လုံးက တစ်စုံတစ်ခု

ကို ခံစားမိသကဲ့သို့ ရုတ်တရက် အောက်ကိုငုံ့ကြည့်လိုက်၏။

ထိုအနက်ရောင်ရေလှိုင်းများ အောက်တွင် အလွန်ကျယ်ပြောသော ရေအောက်မြို့တော်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

ထိုနေရာတွင် ကြောက်စရာကောင်းသော အရှိန်အဝါများ ထွက်ပေါ်နေပြီး ဝိညာဉ်များက လှည့်လည်ကာ သွားလာနေ၏။

ဤနေရာတွင်ရှိသော မသေမျိုးများကလည်း အပြင်ဘက်တွင်တွေ့ခဲ့သော မသေမျိုးငါးများထက် ပို၍ကြီးမားပြီး ၎င်းတို့ထဲကအချို့ဆိုလျှင် အင်ပါယာအဆင့်အရှိန်အဝါ တစ်စွန်းတစ်စကိုတောင် ထုတ်ဖော်ထားသည်။

" မသေမျိုးဝိညာဉ်တွေ အများကြီးပဲ ဒါက မသေမျိုးနိုင်ငံတစ်ခုလား "

ချင်းချန်နှင့် ကျန်သည့်သူများ တအံ့တသြ ဖြစ်သွားကြ၏။

သူတို့အရှေ့တွင် မြင်နေရသော ရေအောက်မြို့တော်ကြီးက အလွန်ကြီးကျယ်ခမ်းနားလှသည်။

ကောင်းကင်နှင့်မြေကြီး မရေတွက်နိုင်သော မသေမျိုးဝိညာဉ်များကလည်း သွားလာနေကြပြီး ငြိမ်းငြိမ်းချမ်းချမ်းပင် ရှိနေကြ၏။

အုပ်စုငယ်များ အုပ်စုငယ်များဖွဲ့ကာ နေထိုင်နေသူများလည်း ရှိကြသည်။

လူသေမြစ်ထဲတွင် ဤကဲ့သို့ ရေအောက်တိုင်းပြည်တစ်ခု ရှိနေမည်ဟု မည်သူကမှ မထင်မှတ်ထားပေ။

ဤမြင်ကွင်းက ပင်လယ်မိစ္ဆာသားရဲများ၏ ရေအောက်မြို့တော်ကို ချင်းချန်အား အမှတ်ရစေ၏။

သို့သော် ဤအရာက လူသေမြစ်ဖြစ်သည်။

ငရဲနဂါးအင်ပါယာကတော့ သူ၏အရှေ့တွင်ရှိနေသော မရေတွက်နိုင်သည့် မသေမျိုးဝိညာဉ်များကိုကြည့်ပြီး ဦးရေပြားက ကျိန်းစပ်လာ၏။

" သခင် အဲ့ဒီကောင်းတဲ့အရာက ဒီနေရာရဲ့ အတွင်းအကျဆုံးမှာ "

နေမင်းလိပ်သခင်က သူ၏မျက်လုံးနှစ်လုံးဖြင့် စိတ်လှုပ်ရှားစွာ ထိုရေအောက်မြို့တော်ကိုစိုက်ကြည့်နေပြီး ချင်းချန်ကို အတွေးစာများ ပို့လွှတ်လာသည်။

ချင်းချန် ခေါင်းခါယမ်းလိုက်၏။

ဤမျှများပြားသော မသေမျိုးဝိညာဥ်များ ရှိနေသည့်နိုင်ငံကို သူသွားလျှောက်သြသနာများသွားနိုင်သည်။

" ဒီကနေအရင် ပြန်ထွက်ကြရအောင် "

ချင်းချန် နေမင်းလိပ်သခင်ကို အသိပေးလိုက်၏။

သူဤနေရာကိုလာသည်က ရတနာရှာဖို့လာခြင်းမဟုတ်ပဲ မိုလီအတွက်လူရှာရန် လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အခြားအရာများကို သူဂရုမစိုက်နိုင်ချေ။

သို့သော် သူပြောသည်က နောက်ကျသွားပြီဖြစ်၏။

သူတို့ဤနေရာကို ရောက်ရှိလာကတည်းက မသေမျိုးဝိညာဥ်များက သူတို့၏တည်ရှိမှုကို ခံစားမိသွားပြီဖြစ်သည်။

" အပြင်လူ "

" အပြင်လူတစ်ယောက် ဖောက်ထွင်းဝင်ရောက်လာတယ် "

" တောက် အပြင်လူတွေ ငါတို့ထပ်ခါထပ်ခါ သတ်နေတာတောင် ဒီနေရာကိုထပ်ပြီး ဖောက်ဝင်လာရဲသေးတယ်ပေါ့ "

" သတ်စမ်း တစ်ကောင်မှ အရှင်မထားနဲ့ "

" အုန်း .. အုန်း "

မသေမျိုးနိုင်ငံမှ မသေမျိုးဝိညာဥ်များက ချင်းချန်ဆီသို့ အလျင်အမြန် ပြေးဝင်လာ၏။

ချင်းချန်၏ အမူအရာ ပျက်ယွင်းသွားပြီး တုံ့ဆိုင်းခြင်းမရှိပဲ လက်ကိုဓား အသွင် ပြောင်းလဲကာ ခုတ်ပိုင်းချလိုက်သည်။

" ရှီး "

ဓားအလင်းတန်းက ရေထုကိုနှစ်ခြမ်းကွဲထွက်သွားကာ မသေမျိုးဝိညာဥ် များကို ပိုင်းဖြတ်သွား၏။

ဓားအလင်းတန်းအောက်၌ မသေမျိုးဝိညာဥ်ပေါင်း မြောက်များစွာက ပျက်စီးသွားပြီး ရှည်လျားသော လှိုဏ်မြောင်းကြီးတစ်ခုကို ချန်ထားခဲ့သည်။

" နောက်ဆုတ် "

ချင်းချန် အမိန့်ကြောင့် နေမင်းလိပ်သခင် အနောက်သို့လျင်မြန်စွာ ဆုတ် သော်လည်း မဆုတ်နိုင်ခင်မှာ ကြောက်စရာကောင်းသော အရှိန်အဝါများ က ထွက်ပေါ်လာပြီး သူတို့ကိုဝန်းရံသွား၏။

" အပြင်လူတွေ သေစမ်း "

ရောက်ရှိလာသော လူများထဲတွင် တစ်ယောက်က ဆူးများမြောက်များစွာ ထွက်ပေါ်နေသော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး ကြီးမားသော အနက်ရောင်မျက်လုံးတစ်စုံက ချင်းချန်တို့ကို စိုက်ကြည့်နေသည်။

နောက်တစ်ယောက်က တောင်တစ်လုံးအလား ကြီးမားသည့် ခန္ဓာကိုယ် ကြီးကို ပိုင်ဆိုင်ပြီး ပြင်းထန်သောဖိအားဖြင့် သူတို့ကို ဖိနှိပ်ထား၏။

နောက်ထပ်တစ်ယောက်ကတော့ အလွန်လှပသော ခန္ဓာကိုယ်ကို ပိုင်ဆိုင် ထားပြီး သူမ၏ခြေထောက်များဆိုလျှင် ပိန်ရှည်သွယ်ကာ ဖြောင့်စင်း နေသည်။ သို့သော် သူမ၏မျက်နှာကတော့ အဖုပိန့်များဖြင့် ကြောက်စရာ

ကောင်းလွန်းလှ၏။

" သတ်... "

ထိုအင်အားကြီး ကျင့်ကြံသူသုံးယောက်က ချင်းချန်တို့အနားတွင် ထွက်ပေါ်လာပြီး စကားတစ်ခွန်းမှမပြောပဲ အကောင်အကြီးဆုံးသားရဲက စတင်ကာ တိုက်ခိုက်လာသည်။

***

အပိုင်း ( ၅၉၆၄ )
*

" သခင်ဒီကောင့်ကို ကျွန်တော်နဲ့လွှတ်ထားလိုက် သခင်တို့က မြန်မြန်ဆုတ် "

ငရဲနဂါးအင်ပါယာ ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ပြီး သူ၏မူလ နဂါးခန္ဓာကိုယ်ကို ထုတ်ဖော်ကာ ထိုကြီးမားသော အကောင်ကြီးနှင့် ထိပ်တိုက်တွေ့ဆုံလိုက်သည်။

နဂါးလက်သည်းနှင့် ထိုကြီးမားသော သတ္တဝါကြီး၏လက်သီးက တိုက်ရိုက်တွေ့ဆုံသွား၏။

အုန်းခနဲ ကျယ်လောင်သော ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ငရဲနဂါးအင်ပါယာ၏ ခန္ဓာကိုယ် တုန်ခါသွားသည်။

သူ၏နောက်ကျောရှိ ရေထုကလည်း တအုန်းအုန်းဖြင့် ပေါက်ကွဲသွား၏။

ထိုအချိန်တွင် ကြီးမားသော သတ္တဝါကြီးက သူ၏လက်သီးကိုမြှောက်၍ ငရဲနဂါးအင်ပါယာကို ထပ်မံ၍ တိုက်ခိုက်လိုက်သည်။

" အုန်း .. အုန်း .. အုန်း "

တစ်ခဏအတွင်းမှာပင် ငရဲနဂါးအင်ပါယာနှင့် ထိုကြီးမားသော သားရဲကြီးက ထိပ်တိုက်တွေ့ဆုံပြီး တစ်ယောက်နှင့်တစ်ယောက် လက်ရေညီ

နေ၏။

" ဘာ... "

အင်ပါယာရှီမီနှင့် တိုင်ယင်နတ်သမီးတို့ နှစ်ယောက်လုံး မျက်နှာပျက်ယွင်းသွားသည်။

ငရဲနဂါးအင်ပါယာကိုပင် ထိုသန်မာသော အကောင်ကြီးက ယှဥ်ပြိုင်ကာ တိုက်ခိုက်နိုင်သည်လား။

ထိုသို့ဆိုလျှင် ဤအကောင်ကြီးကလဲ အင်ပါယာအလယ်အလတ်အဆင့် ရှိနေသည်ပေါ့။

ထို့အပြင် ထိုကောင်၏ အရေပြားများက အလွန်မာကြောပြီး အလွယ်တကူ မထိုးဖောက်နိုင်ပုံပင်ရ၏။

တစ်ဖက်တွင် ဆူးချွန်များဖြင့် ဖုံးလွှမ်းနေသော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသည့်လူနှင့် ရုပ်ဆိုးပြီး ခန္ဓာကိုယ်လှပသော အမျိုးသမီးက နေမင်းလိပ်သခင်ပေါ်တွင် ရှိနေသော ချင်းချန်တို့ဆီသို့ ပြေးဝင်လာသည်။

" မိုလီ "

" အုန်း "

ချင်းချန်ပြောလိုက်သောအခါ မိုလီက အံကြိတ်၍ နတ်ဆိုးချီများကို ထုတ်ဖော်ပြီး ဆူးချွန်များနှင့်အကောင်ကို ရင်ဆိုင်လိုက်၏။

ခန္ဓာကိုယ်လှပြီး မျက်နှာရုပ်ဆိုးသော အမျိုးသမီးကိုတော့ ချင်းချန်အတွက် ချန်ထားခဲ့သည်။

" ဟမ့် "

မိုလီ တိုးဝင်လာသည်ကို မြင်သောအခါ ဆူးချွန်များနှင့်လူက လှောင်ပြုံးပြုံးလိုက်၏။ သူ၏ခန္ဓာကိုယ်ထဲရှိ ဆူးချွန်တစ်ခုက ဓားတစ်စင်းအသွင်

ပြောင်းလဲသွားခဲ့ပြီး လျင်မြန်သောအရှိန်ဖြင့် မိုလီကို ခုတ်ပိုင်းချလိုက်သည်။

" ရွှီး "

သို့သော်ဓားက လမ်းတစ်ဝက်တွင် ရပ်တန့်သွား၏။ အဘယ့်ကြောင့်ဆိုသော် မိုလီက လက်ဖြင့်ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသောကြောင့်ဖြစ်သည်။

ဆိုးဝါးလွန်းသော နာကျင်မှုကို မိုလီလက်မှ ခံစားလိုက်ရပြီး ညည်းတွားလိုက်ရသော်လည်း သူ၏ခန္ဓာကိုယ်က အနောက်သို့ဆုတ်ခြင်း မရှိပေ။

" ဘယ်လောက်တောင်မိုက်မဲတဲ့ တစ္ဆေကျင့်ကြံသူလဲ မင်းကငါ့ရဲ့တိုက်ခိုက်မှုကို ခုခံဖို့အတွက် လက်ကိုအသုံးပြုရဲတယ်ပေါ့ ဘယ်လိုအသက်ရှင်ရမှန်း မသိတဲ့ကောင် "

ချက်ချင်းပင် ထိုဓားမှ နောက်ထပ်ဆူးချွန်များက ထွက်ပေါ်လာခဲ့ပြီး မိုလီ၏လက်အပါအဝင် ခန္ဓာကိုယ်ကို ထိုးစိုက်သွား၏။

မိုလီ နာကျင်မှုကြောင့် အင့်ခနဲညည်းညူလိုက်ရပြီး မျက်နှာဖြူဖျော့သွားကာ ပါးစပ်ထောင့်မှ သွေးများစီးကျလာသည်။

သို့သော်သူက မတုန်မလှုပ်ဖြင့် ရူးသွပ်သောအပြုံးကို ပြုံးလိုက်ကာကြောက်စရာကောင်းသော အရှိန်အဝါနှင့်အတူ အရှေ့သို့တိုး၍ ဆူးချွန်များနှင့်လူကို ဝင်လုံးကာ တိုက်ခိုက်တော့၏။

" အုန်း .. အုန်း .. အုန်း "

နတ်ဆိုးစွမ်းအင်များက ချက်ချင်းပင် ဆူးချွန်များနှင့်လူ၏ ခန္ဓာကိုယ်ကိုဖုံးလွှမ်းသွားပြီး နှစ်ယောက်လုံး လုံးထွေးသွားသည်။

ဆူးချွန်များနှင့် လူ မိုလီကို တုန်လှုပ်ခြောက်ခြားစွာကြည့်၏။

ထိုလူ၏ကျင့်ကြံအဆင့်က သူ့ထက်နိမ့်ကျသော်လည်း ထိုကောင်၏

စွမ်းအားကတော့ သူ၏ချပ်ဝတ်တန်ဆာကိုပင် ယိုယွင်းပျက်စီးစေသည်။

သူ၏ချပ်ဝတ်တန်ဆာ ခုခံအားက အလွန်အားကောင်းပြီး အင်ပါယာ နှောင်းပိုင်းအဆင့်များပင် သူ၏ချပ်ဝတ်တန်ဆာကို ထိခိုက်အောင် ဖြတ်ကျော်တိုက်ခိုက်ရန် ခက်ခဲလွန်းလှ၏။

သူ့ကိုပို၍ ထိတ်လန့်စေသည်က မိုလီ၏ အသက်ကိုပင်မမှုထားသော ပြင်းထန်သည့် တိုက်ခိုက်သော ပုံစံများဖြစ်သည်။ ၎င်းကသူ့ကို အနောက်သို့ တဆုတ်တည်း ဆုတ်နေစေရ၏။

တစ်ဖက်တွင် ချင်းချန်က ခန္ဓာကိုယ်လှပသော အမျိုးသမီးနှင့် ရင်ဆိုင်နေသည်။

" ကောင်လေး "

ချင်းချန်က လျှို့ဝှက်ဆန်းကြယ်သော သံချေးတက်ဓားမှ ဓားဝိညာဉ်ကို အသက်သွင်းလိုက်ပြီး ထိုအမျိုးသမီးကို ခုတ်ပိုင်းချလိုက်၏။

ထိုအမျိုးသမီး၏ ခန္ဓာကိုယ်တွင် သားရေဖြင့်ပြုလုပ်ထားသော ချပ်ဝတ်တန်ဆာတစ်ခုကို ဝတ်ဆင်ထားပြီး ဓားကထိုချပ်ဝတ်တန်ဆာအပေါ် ကျဆင်းသွားသည့်အချိန်၌ အလွန်ချောမွတ်နေသော ရာဘာတုံးတစ်တုံးကို ခုတ်ပိုင်းလိုက်ရသကဲ့သို့ လျှို့ဝှက်ဆန်းကြယ်သော သံချေးတက်ဓားက ချော်ထွက်သွားသည်။

" ဘယ်လောက်တောင် ထူးဆန်းလိုက်တဲ့ ချပ်ဝတ်တန်ဆာလဲ "

ချင်းချန် မျက်မှောင်ကုပ်သွား၏။ ချင်းချန်အံ့သြသွားသော်လည်း တစ်ဖက်လူအား တိုက်ခိုက်ရန် အခွင့်အရေး မပေးပေ။ ဗရမ်းဗတာကမ္ဘာထဲမှ လောကလေဟာနယ်နှလုံးသား အသက်ဝင်လာပြီး ကြောက်စရာကောင်းသော လေဟာနယ်စွမ်းအားက ထိုအမျိုးသမီးကို မလှုပ်ရှားနိုင်

အောင် ချုပ်နှောင်သွားသည်။

ထို့နောက် ချွန်ထက်သောဓားက ထိုအမျိုးသမီး၏ ရင်ဘတ်ကို ထိုးဖောက်သွားပြီး သွေးများပန်းထွက်သွားစေ၏။

" အန်နာ "

ထိုမြင်ကွင်းကို မြင်သောအခါ မိုလီနှင့် ငရဲနဂါးအင်ပါယာတို့နဲ့ တိုက်ခိုက်နေသော မသေမျိုးဝိညာဥ်နှစ်ကောင် ဟိန်းဟောက်လိုက်သည်။

သူတို့ဘေးနားတွင်ရှိနေသည့် မရေတွက်နိုင်သော မသေမျိုးဝိညာဥ်များကလည်း ရှုးသွပ်သွားပုံရပြီး ချင်းချန်တို့ဆီသို့ ပြေးဝင်လာတော့၏။

ထိုမြင်ကွင်းကိုကြည့်ပြီး ချင်းချန် မျက်မှောင်ကုပ်သွားသည်။ ဤသုံးကောင်လုံးက ကြောက်စရာကောင်းသော ခုခံမှုစွမ်းအားကို ပိုင်ဆိုင်ထား၏။ သုံးယောက်လုံးကို အချိန်တိုအတွင်း သတ်ဖြတ်ရန် မလွယ်ကူချေ။ တိုက်ပွဲသာ ဆက်လက်ဖြစ်ပွားမည်ဆိုလျှင် လွတ်မြောက်နိုင်သော်လည်း သူတို့ဘက်တွင် အသေအပျောက် ရှိလာနိုင်သည်။

" လူတိုင်းပဲ ငါတို့က မင်းတို့ကို ဘာဒုက္ခပေးချင်စိတ်မှမရှိဘူး "

ချင်းချန် မသေမျိုးဝိညာဥ်တစ်ကောင်ကို ဓားဖြင့်ခုတ်ပိုင်းချလိုက်ကာ တိုက်ပွဲကို ရပ်တန့်ရန်အတွက် ပြောလိုက်၏။

ယခုအချိန်တွင် သူတို့၏ ထွက်ပြေးလမ်းကြောင်းအကုန်လုံး ပိတ်ဆို့ထားပြီးဖြစ်သဖြင့် ထွက်ခွာရန် လွယ်ကူတော့မည် မဟုတ်ပေ။

" ဒုက္ခပေးလိုစိတ်မရှိဘူး ဟုတ်လား၊ မင်းက အဲ့ဒီလူရဲ့ အဖွဲ့ထဲကနေမယ်၊ မင်းတို့က ငါတို့ရဲ့လူသေမြစ်ထဲမှာ အမဲလိုက်နေပြီး ဒီနေရာအထိရောက်လာပြီးတော့မှ ဘာဒုက္ခပေးလိုစိတ်မှ မရှိဘူးလို့ ပြောရဲသေးတယ်ပေါ့ "

ရုတ်တရက် အေးစက်သော အသံနှင့်အတူ မရေတွက်နိုင်သော ဝိညာဥ်များကြားထဲတွင် လှပသော ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

မသေမျိုးဝိညာဥ်များအားလုံးက နှစ်ခြမ်းကွဲသွားပြီး လမ်းကြောင်းတစ်ခုကို ထုတ်ဖော်ထားခြင်းဖြစ်၏။ ထိုလမ်းကြောင်းမှ ရောင်စုံအလင်းတန်းများ ထွက်ပေါ်နေသော လှပသည့်မျက်နှာလေးနှင့် အမျိုးသမီးတစ်ယောက်က မတ်တပ်ရပ်ကာ ရှိနေသည်။

ထိုအမျိုးသမီးက စကားပြောလိုက်သည်နှင့် ချင်းချန်တို့ကို အရှုးအမူး တိုက်ခိုက်နေသော မသေမျိုးဝိညာဥ် ထိပ်သီးကျင့်ကြံသူသုံးယောက်က ရပ်တန့်လိုက်ပြီး အမျိုးသမီးရှိရာသို့ လေးစားသော အမူအရာနှင့်အတူ မျက်နှာမူလိုက်ကြ၏။

ချင်းချန် သူ့အရှေ့မှ လှပသော အမျိုးသမီးကိုကြည့်ပြီး အံ့အားသင့်နေသည်။

ချင်းချန် ငရဲပြည်တွင် အချိန်အတော်ကြာရောက်ရှိနေပြီး ငရဲပြည်မှ ငရဲမြစ်အင်ပါယာ၏ ကိုယ်လုပ်တော်များထဲရှိ အလှဆုံးဖြစ်သော စန္ဒကူးနီကဲ့သို့ လှူနှင့်တူသော တစ္ဆေအမျိုးသမီးကိုပင် တွေ့ခဲ့ဖူး၏။

သို့သော်လည်း အချိန်အတော်ကြာ ထိတွေ့ပြီးနောက် ထိုအမျိုးသမီးက လူသားနှင့်မတူကြောင်း ကွဲပြားစွာ ခံစားရမည်ဖြစ်သည်။

သို့သော်ချင်းချန် ယခုအရှေ့တွင် မြင်နေရသော အမျိုးသမီးကတော့ အံ့အားသင့်စရာကောင်းလွန်းလှ၏။

ထိုအမျိုးသမီးတွင် ကြွက်သားနှင့် အသားအရေရှိပြီး ကျောက်စိမ်းရောင်အရိုးများလည်းရှိသည်။ သူမ၏အသားက ဖြူဖွေးသော စကျင်ကျောက်နှင့်တူညီကာ ငရဲပြည်တွင်မရှိသင့်သော အနီရောင်အသွေးအသားအရောင်

လည်း ရှိနေ၏။ ၎င်းက တော်တော်လေးကို အံ့အားသင့်စရာကောင်းသည်။

ကြည်လင်သော ပြတ်သားသည့် သွေးကြောများကိုပင် မြင်နေရ၏။

ချင်းချန် ငရဲပြည်တွင် မရေတွက်နိုင်သော ကျင့်ကြံသူများ မြင်ခဲ့ရသော်လည်း ဤကဲ့သို့ ဖြူစင်ပြီး လူသားနှင့် အစစ်အမှန်တူညီသော လူတစ်ယောက်ကိုတော့ မတွေ့ဖူးပေ။

သို့သော် ဤအမျိုးသမီးသည် ငရဲပြည်မှ တစ္ဆေကျင့်ကြံသူများနှင့် မတူညီသလို သူမ၏ နီရဲသော အသားအရောင်က ကမ္ဘာပေါ်တွင်ရှိသော အမျိုးသမီးများ၏ သွေးရောင်ကဲ့သို့လည်း မတူညီချေ။ ပတ္တမြားကဲ့သို့ လင်းလက်ကာ တောက်ပနေခြင်းဖြစ်သည်။

သူမ၏ တစ်လောကလုံး သူ့လုပ်စာထိုင်စားနေသလိုဖြစ်နေသည့်မျက်နှာ၊ နူးညံ့သိမ်မွေ့ပုံရသော ဇင်ယော်တောင်မျက်ခုံးမွေး၊ အေးစက်သော အရှိန်အဝါဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းလာသည့်ပုံက တော်တော်လေးကို ကြည့်ကောင်းလှ၏။

***